
# သံလွင်မြစ်ပေါ်ရှိ နောင်ဖရေကာတာ အတွက် စိုးရိမ်စရာများ
# နောင်ဖ ရေကာတာ၏ နောက်ခံ အချက်အခက်များ

**ရှမ်းလူထု အဖွဲ့အစည်းများ**

**ရက်စွဲ - ဩဂုတ် ၂၃၊ ၂၀၁၆။**

| | |
|---|---|
| **တည်နေရာ** | ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးနှင့် ဟိုပန် မြို့နယ်အကြားရှိ သံလွင်မြစ်ပေါ်တွင်ရှိသည်။ |
| **အမြင့်** | ၉၀ မီတာ |
| **လျှပ်စစ်ထုတ်စွမ်းရည်** | ၁၂၀၀ မီဂါဝပ် ( ၉၀% တရုပ်ပြည် ပို့ရန်အတွက်) |
| **ရေသိုလှောင် ရပဝန်းဧရိယာ** | ၃၁. ၂၈ စတုရန်းကီလိုမီတာ ( ရေသိုလှောင်ရပ်ဝန်း အလျား ၁၁၀ ကီလိုမီတာ) |
| **ပါဝင်သည့် ကုပ္ပဏီများ** | Hydrochina Corporation ( တရုပ်ပြည်ပိုင်)<br>International Group of Enterpreneurs ( မြန်မာပြည်) |
| **အသိအမှတ်ပြု စာချွန်လွှာ လက်မှတ်ရေထိုးချိန်** | ဒီဇင်ဘာ ၂၀၀၉ ( နောင် တရုတ်သမတ ဖြစ်လာမည့် ရှီကျင့်ဖျင် ရှေ့မှောက်) |
| **သဘောတူစာချွန်လွှာ လက်မှတ်ထိုးချိန်** | မတ်လ - ၂၀၁၄။<br>သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု ဆန်းစစ်သည့် လုပ်ငန်း(ESIA) ကို ဩစတေးလီးယားနိုင်ငံ စနီးဂီးတောင် အင်ဂျင်နီယာ ကော်ပိုရေးရှင်း ( SMEC) မှ လုပ်ဆောင်နေသည်။ |



Proposed Salween Dam Map
CHINA
INDIA
N
13 dams planned for the Salween (Nu) River in China
Kachin State
Sagaing Division
Kun Long Dam
Naung Pha Dam
Shan State
Chin State
Mongton Dam
Magwe Division
Ywathit Dam site
Karenni State
Arakan State
Bago Division
Wei Gyi Dam site
Dagwin Dam site
Hat Gyi Dam site
Irrawaddy Division
Karen State
Rangoon Division
THAILAND
LEGEND
Proposed Dam
River
State / Division Boundary
Coastline / National Borderline
Mon State
Tenasserim State
Scale at 1:8,500,000
0 60 120 240 360 480 600 Kilometers
Edesk/Salween Watch 2010

နောင်ဖရေကာတာ တည်နေရာ

# နောင်ဖ ရေကာတာနှင့်ပတ်သက်၍ အဓိက စိုးရိမ်စရာများ

သံလွင် မြစ်သည် မြန်မာပြည် အရှေ့ပိုင်းရှိ သန်းပေါင်းများစွာသော တိုင်းရင်းသားများ မီခိုအားထားရာ အဓိက သွေးကြော ဖြစ်သောကြောင့် သံလွင်မြစ် လွတ်လပ်စွာစီးဆင်းမှုကို တားဆီးသည် မည်သည့်ရေကာတာကို မဆို ကျွန်ုပ်တို့ ပြင်းပြင်းထန်ထန် ဆန့်ကျင်ပါသည်။သံလွင် မြစ်ရေ စီးဆင်းမှုကို တားဆီးမှု မှန်သမျှသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝတို့ကို မခန့်မှန်းနိုင်လောက်အောင် အကြီးအကျယ် ထိခိုက် စေနိုင်သည်။ မြန်မာပြည်အလယ်ပိုင်းရှိ သူများက သံလွင်မြစ်သည် နိုင်ငံ၏ အစွန်အဖျား လူခေါင်သော ဒေသတွင်ရှိပြီး ရေကာတာက သိပ် မထိခိုက်နိုင်ဟု ယေဘုယျ ယူဆကြသည်။ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဝေးလံသည့် သံလွင်မြစ် အကြောင်းကို လူအများက အသိနည်းကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နောင်ဖ ရေကာတာနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို အလေးထား တင်ပြ လိုက်ပါသည်။

## ■ ပဋိပက္ခများကို တိုးပွါးစေခြင်း။




နောင်ဖ ရေကာတာသည် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွါးရာ ဒေသတွင် တည်ရှိသည်။ ရေကာတာ၏ အနောက်ဘက် ရေသိုလှောင်ရာ ဒေသတွင် အစိုးရ စစ်တပ်နှင့် ပြည်သူ့စစ်တို့က ရှမ်းပြည် တိုးတက်ရေး ပါတီ/ ရှမ်းပြည်တပ်မတော် ( SSPP/ SSA)၊ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် ( TNLA)တို့အား သူတို့နယ်မြေ နှင့် သဘာဝ သံယံဇာတ များကိုချုပ်ကိုင်နိုင်ရေး အတွက် ထိုးစစ်ဆင်တိုက်ခိုက်ရာ နေရာဖြစ်နေသည်။ထို အဖွဲ့များသည် ၂၀၁၅ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ချုပ်ဆိုသော တနိုင်ငံလုံး အပစ်ရပ်စဲရေး စာချုပ် ( NCA) ကို လက်မှတ်ထိုးထားသော အဖွဲ့ မဟုတ်ပေ။

ရေကာတာ၏ အရှေ့ဘက် အပိုင်းတွင် ဂကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသရှိသည်။ လက်နက်အပြည့် တပ်ဆင်ထားသော ဂတပ်မတော် ( UWSA) ကထိန်းချုပ်ထားသည်။ ဤအဖွဲ့သည်လည်း NCA ကို လက်မှတ်မထိုးထားပေ။ ဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေတချို့ကိုသာ ၂၀၀၈ ဥပဒေက အသိအမှတ်ပြု သဖြင့် နယ်မြေနှင့် ပတ်သက်၍ UWSA နှင့် အစိုးရစစ်တပ်တို့ ဆက်ဆံရေး တင်းမာလျှက်ရှိသည်။ မြန်မာ့တပ်မတော်က တောင်ပိုင်း ထိုင်းနိုင်ငံနယ်စပ် တလျှောက်ရှိ ဂတပ်မတော်ကို ဆုတ်ပေးရန် အကြိမ်ကြိမ် အမိန့်ပေးခဲ့သည်။ ဂတပ်မတော်ကလည်းငြင်းပယ်ခဲ့သည်။ နစ်ဘက် စစ်အင်အားများ တည်ဆောက်လာသောကြောင့် ၂၀၁၅ ခု ဂျွန်လတွင် တိုက်ပွဲဖြစ်ရသည်။

နောင်ဖ ရေကာတာ စဆောက်သည်နှင့်အစိုးရစစ်တပ်သည် ရေကာတာလုံခြုံရေး အတွက် အင်အားဖြည့်တင်းမည်မှာ သေချာပါသည်။ ၎င်းဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်များကိုလည်း ရှင်းလင်းရန် ထိုးစစ်ဆင်ပါလိမ့်မည်။တိုက်ပွဲများ ပိုဖြစ်လာပါမည်၊ ဒေသခံရွာသားများကိုလည်း တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များကို အားပေးသည်ဟု သံသယဖြင့် အစိုးရစစ်တပ်က ဆက်လက် နှိပ်စက်ပါလိမ့်မည်။

ပို၍ဆိုးသည်မှာ သံလွင် မြစ်ပေါ်ရှိ ရေကာတာများကို ဆက်လုပ်ရန် နေပြည်တော်အစိုးရက တဖက်သတ် ဆုံးဖြတ် ချလိုက်ခြင်းဖြစ်သည်။ နောင်ဖ ရေကာတာလည်းပါဝင်နေသည်။ မြစ်ကြောင်းတလျှောက် နေထိုင်ကြသေ တိုင်းရင်းသားများက ပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက်နေသည့် တိုင် ဆုံးဖြတ်ခဲ့ခြင်းဖြစ် သည်။ ထိုဆုံးဖြတ် ချက်သည် အစိုးရက ကြွေးကြော်နေသော ငြိမ်းချမ်းရေးရည်မှန်းချက် နှင့်လည်း တိုက်ရိုက် ဆန့်ကျင်နေပေသည်။ တိုက်ပွဲများဖြစ်ရခြင်း၏ အဓိက ပြဿနာမှာ တိုင်းရင်းသားဒေသတွင်းရှိ သံယံဇယတများကို ဗဟိုအစိုးရက သွေးစုတ်အမြတ်ထုတ်ခြင်းကို တိုင်းရင်းသားတို့ က မကျေနပ်ခြင်းကြောင့် ဖြစ်သည်။ ဖက်ဒရာယ်စံနစ်အရ အာဏာခွဲဝေရေးအတွက် နိုင်ငံရေး အရစမဆွေးနွေးရသေးမီ သံလွင်မြစ်ကိုလည်း နိုင်ငံခြား အရင်းအနှီးမြှုတ်နှံ သူတို့ထံ ရောင်းစားခြင်းတို့သည် တိုင်းရင်းသားတို့ တောင်းဆိုသည် တန်းတူအခွင့်အရေး ရရှိရေးကို အသိအမှတ်ပြုရန် အစိုးရမှ လိုလားခြင်း ရှိမရှိ သံသယ ဝင်စေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အယုံအကြည်ပျက်စေသည်။

သံလွင်မြစ်ပေါ်တည်ဆောက်ရန်လျှာထားသည် ရေကာတာငါးခုမှ ရရှိသော ဓါတ်အားအများစုကို အိမ်းနီးချင်း နိုင်ငံတို့ကို တင်ပို့ရန်သာဖြစ်၍ မြန်မာ့စွမ်းအင် လိုအပ်ချက်အရ သံလွင်မြစ်ပေါ်တွင် ရေကာတာများ တည် ဆောက်ရသည်ဟု မြန်မာအစိုးရ ပြောဆိုမှုသည် လိမ်ညာမှု ဖြစ်သည်။ နောင်ဖ ရေကာတာမှာ ဓါတ်အား မီဂါဝပ် ၁၂၀၀ ၏ ၉၀% ကို တရုတ်ပြည်သို့ ပို့မည်ဖြစ်ပြီး ဒေသခံ ပြည်သူများမှာ ဒုက္ခအားလုံးကို ခံစားရန်သာရှိသည်။

တရုတ်ပြည်၏ စွမ်းအင်လိုအပ်ချက်အတွက် သံလွင်မြစ်ပေါ် လူထုမကြိုက်သည့်ရေကာတာများ ဆောက်ရန် တရုတ်က မြန်မာအစိုးရ အပေါ် ဖိအားပေးမှုကိုလည်း အပြစ်တင်သင့်သည်။ ရေကာတာတည် ဆောက်ပါက တိုက်ပွဲများပိုဖြစ်လာ၍ မြန်မာ့ပြည်တွင်းရေးကို တိုက်ရိုက် စွက်ဖက်ရာကျသည်။ တရုတ်က အားပေးမည် ဆိုသည့်မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း ထိခိုက်စေပါသည်။


ဒေသခံလူထုတွေကို ထိခိုက်စေသည့်တိုင် နောင်ဖရေကာတာကို လက်ခံရန် UWSA အား တရုတ်၏ ဖိအားပေးမှုကိုလည်း ဝေဖန်သင့်သောအချက်ဖြစ်ပါသည်။ UWSA အနေဖြင့် အောက်ခြေလူထု အဖွဲ့အစည်း များ ဆန့်ကျင်စေခါ သံလွင်ရေကာတာများကို ဆန့်ကျင်သည့် တခြား လက်နက်ကိုင်လူမျိုးစုများ ကိုလည်း ဆန့်ကျင်ရာရောက်စေသည်။တိုင်းရင်းသားတွေကြား သွေးကွဲစေသဖြင့် ငြိမ်းချမ်းရေး ရရန် မရှိနိုင်ပေ။


## ငလျှင်ကြောင့် ရေကာတာပြိုကျ နိုင်သည့် အန္တရာယ်

တရုတ်နိုင်ငံတွင် ယူနန်ပြည်နယ်သည် မြေလျှင် အလှုပ်ဆုံး ဒေသဖြစ်သည်။ သံလွင်/ နုမြစ်စီ ဆင်းရာလမ်းတလျှောက်သည် နုမြစ် ပြတ်ရွေ့ကြောတည်ရှိရာဖြစ်သည်။ထိုအကြောင်းကြောင့် တရုတ် အစိုးရက သူတို့ပြည်တွင်းထဲတွင် ရေကာတာတည်ဆောက်မှုကို ရပ်စဲလိုက်ခြင်းဖြစ်သည်။ တရုတ်မြေငလျှင် ကျွန်းကျင်သူတို့အဆိုအရ ပြတ်ရွေ့ကြောပေါ်ရှိ ရေကာတာလှောင်ကန်၏ ရေဖိအားကြောင့် မြေငလျှင်ကို ဖြစ်စေနိုင်သည် ဟု ဆိုသည်။ တရုတ်နိုင်ငံနှင့် ထိပ်နေသော ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသည်လည်း ငလျှင် ထူသည့်ဒေသဖြစ်သည်။ နောက်ဖ ရေကာတာသည် နမ့်ပေါင် ပြတ်ရွေ့ကြောနှင့်အနီးတွင် တည်ရှိသည်။ ရေလှောင်ရာနေရာသည် နမ့်တင် ပြတ်ရွေ့ကြော အထိရောက်မည်။ ဇူလိုင်နှင့် ဩဂုတ်လတွင် နမ့်တင်ပြတ်ရွေ့ကြော တလျှောက်ရှိ ဟိုပန်မြို့နယ်တွင် ငလျှင် သုံးခါလှုပ်ခဲ့သည်။

နောင်ဖ ရေကာတာအောက်ပိုင်း မြစ်ကြောင်းပေါ်နေ ရွာသားတို့သည် နောင်ဖရေကာတာ ကျိုးပေါက်မှာကို အထူးစိုးရိမ်ကြသည်။ ရေကာတာမှ ရေပေါက်ကျသဖြင့် ရုတ်တရက် ရေကြီးလာပြီး အသက်အိုးအိမ်စည်းစိမ်များ အကြီးအကျယ် ဆုံးရှုံး နိုင်သောကြောင့်ဖြစ်သည်။

နမ့်တင်း ပြတ်ရွေ့ကြော မြောက်ဘက် သံလွင် မြစ်ပေါ်တွင် တရုတ် ဟန်အနာဂျီက ဆောက်လုပ်ရန် စီစဉ်ထားသည့် မီဂါဝပ် 1,400 ရှိသော ကွန်လုံ ရေကာတာသည်လည်း အလားတူ စိုးရိမ်စရာဖြစ်နေ သည်။မြေငလျှင်သာလှုပ်ပါက ကွန်လုံရေကာတာကျိုးပြီး တောင်ဘက်အနီးတွင်ရှိ ကွန်လုံမြို့တမြို့လုံး ရေအားကြောင့် ပျက်စီးသွားနိုင်သည်။




*မြန်မာပြည်ရှိ ငလျှင် ကြီးများ လှုပ်ရာမြေပုံ။*

*နောင်ဖရေကာတာနားရှိ ပြတ်ရွေ့ကြော လိုင်း။*

## ရေလွှမ်းမည့် အန္တရယ် ပိုရှိလာခြင်း

နောင်ဖ ရေကာတာ၏ ရေသိုလှောင်ရာ ဒေသသည် ၁၁၈ ကီလိုမီးတာရှိမည်။ နမ့်တင်းမြစ်၈ အထိရောက်မည်။ နမ့်တင်းမြစ်သည် ရာသီအလိုက်ရေကြီးသည်။ ပြီးခဲ့သည့်လက လယ်မြေ ထောင်ချီ ရေလွှမ်းခံရသည်။ ဟိုပန်မြို့ထဲရှိ အိုးအိမ်များ လွန်ခဲ့သည် အပတ်က ပျက်စီးခဲ့သည်။ နောင်ဖရေကာ တာသာဆောက်ပါက နမ့်တင်းချောင်းရေစီးအားလျော့သွားမည်၊ ဆိုလိုသည်မှာ နမ့်တင်းမြစ်ဘေးရှိ မြေနိမ့်ရာသို ရေလျှံခါ လယ်ယာနှင့် အိမ်ယာများပျက်စီးလိမ့်မည်။

မိုသည်းထန်စွာရွာသွန်းပါက ရေကာတာမှ ရေကို ဖေါက်ချရန်လိုလာတတ်ပါသည်။ ရေအားကြီးစွာ လွှတ်ချသဖြင့် မြစ်အောက်ပိုင်းတွင် ရေကြီးမည့် အန္တရာယ် ကြုံနိုင်သည်။







*ဟိုပန်တွင် ရေကြီးနေပုံ (ဩဂုတ် ၁၄ ၊ ၂၀၁၆)*

# နောင်ဖ ရေကာတာအတွက် SMEC ၏ ESIA လုပ်ငန်းအပေါ် စိုးရိမ်မှု

ရှမ်းပြည်နယ်တောင်ပိုင်းရှိ သံလွင်မြစ်ပေါ်တွင် မီဂါဝပ် ၇၀၀၀ ရှိသော မိုင်းတွန် ရေကာတာကို SMEC က ESIA လုပ်ငန်း ၂၀၁၅ ခုနှစ်က ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ မြို့နယ်များစွာမှ ရေကာတာဆန့်ကျင်ရေး လူထု ဆန္ဒပြပွဲများက SMEC ၏ ESIA လုပ်ငန်းကို တားဆီးခဲ့ကြသည်။

ထိုသို့ဆန္ဒပြပွဲများ ထပ်မဖြေစ်စေရန် SMEC သည် နောင်ဖ ရေကာတာအတွက် ESIA လုပ်ငန်းကို လျှို့ဝှက်စွာ လုပ်ဆောင်နေခဲ့သည်။ ယခင် မိုင်းတုံ ရေကာတာအတွက် ESIA လုပ်ငန်းစတင်ရန် လူထုအစည်း အဝေးကြီးကို ရှမ်းပြည်နယ်မြို့တော် တောင်ကြီးတွင် လုပ်သကဲ့သို့ မလုပ်ပေ။ နောင်ဖာရေကာတာ အနီးရှိမြို့များတွင်ရှိသော လူထုများကိုသာဖိတ်၍ စည်းဝေးသည်။ ကွန်လုံနှင့် ဟိုပန်မှ လူများကို အစည်းအဝေး နီးမှ အကြောင်းကြားသည်။

ဆွေးနွေးပွဲတွင် တက်ရောက်သူတို့က နောင်ဖရေကာတာအတွက် စိုးရိမ်ဓာကာင်း ပြောကြသည်။ ဟိုပန်မှ အရာရှိတရောက်က သူ့ဒေသတွင် ရေကြီးမှာစိုး၍ ရေကာတာကိုဆန့်ကျင်ကြောင်း ပြောသည်။ သို့သော် နောင်ဖရေကာတာကို အားပေးသည့် ( naopha.com) ဝက်ဖ် ဆိုက်တွင် လူထု အစည်းအဝေးသည် "အောင်မြင်ကြောင်း" နှင့် " လူထုက စီမံကိန်းကို ဖြစ်နိုင်သမျှ အမြန်အကောင်အထည်ဖေါ်ရန် ကုပ္ပဏီကို တောင်းဆိုသည်" ဟုဖေါ်ပြသည်။

ထိုဖြစ်ရပ်ကြောင့် ဒေသခံလူထုအဖွဲ့အစည်းများက နောင်ဖရေကာတာကို ဆန့်ကျင်ကြောင်း ဆန္ဒပြပွဲများလုပ်နေကြသည်။ ၂၀၁၅ ခု ဩဂုတ်လ ၅ ရက်နေ့တွင် SNLD တန့်ယန်း လွှတ်တော်ကိုယ်စားလှယ် အပါအဝင် တန့်ယန်း ကျေးရွာ အုပ်စု ၉ စုမှ လူပေါင်း ၂၅၀ ခန့်သည် ရေဂါတာကို ဆန့်ကျင် ဆန္ဒပြခဲ့ကြ သည်။ဩဂုတ်လ ၂၁ ရက်နေ့တွင် ဟိုပန်၊ကွန်လုံ၊ တန့်ယန်း၊လားရှိုး၊ သိန္နီ မှ လူထု ၆၀ ခန့် နှင့်အတူ SNLD လွှတ်တော်ကိုယ်စားလှယ် သုံးဦး တို့သည် နောင်ဖရေကာတာဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည်။



*တန်ယန်း ကျေးရွာအုပ်စု ၉ စုမှ ရွာသား ၂၅၀ ခန့် နောင်ဖ ရေကာတာကို ဆန့်ကျင် ဆန္ဒပြနေပုံ၊ ဩဂုတ် ၅။ ၂၀၁၆။*




*ဟိုပန်၊ကွန်လုံ၊ တန့်ယန်း၊လားရှိုး၊ သိန္နီ မှ လူထု ၆၀ ခန့် နောင်ဖရေကာတာဆန့်ကျင်ရေး ဆန္ဒပြနေပုံ*